မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 255 885
info@mcb.com.mm
www.mcb.com.mm

ရက်စွဲ ။ ။ ၂၀၁၈ ခုနှစ်၊ မေ လ ( ၁၇ ) ရက်။

## Samsung, Telenor တို့ နှင့် ပူးပေါင်း၍ Mobile Phone အရစ်ကျရောင်းချခြင်းလုပ်ငန်း စတင်ကြောင်း အသိပေးကြေငြာခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက် (MCB) သည် ၂၀၁၈ခုနှစ် မေလ (၁၆) ရက်နေ့တွင် ရန်ကုန်မြို့၊ မန္တလေးမြို့ နှင့် နေပြည်တော်မြို့များရှိ Customer များကို Samsung Mobile Phone များအရစ်ကျရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ၂၀၁၈ခုနှစ် မတ်လတွင် သဘောတူစာချုပ်တစ်ရပ်ချုပ်ဆိုပြီး လုပ်ငန်းများစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးဝန်ဆောင်မှုပေးသည့် Operator တစ်ဦးဖြစ်သည့် Telenor နှင့်လည်း ပူးပေါင်းပြီး Telenor customer များအား Samsung ဖုန်းအရစ်ကျရောင်းချနိုင်အောင် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။ အဆိုပါသဘောတူစာချုပ်အရ Telenor Star Customer များအား Samsung mobile ဖုန်းအရစ်ကျရောင်းချခြင်းကို ၂၀၁၈ခုနှစ် မေလ (၁၆) ရက်နေ့တွင် ဈေးကွက်အတွင်း စတင်မိတ်ဆက်လိုက်ပြီ ဖြစ်ပါသည်။

## လက်ရှိလုပ်ငန်းဆောင်ရွက်မှု နှင့် သက်ဆိုင်သောအချက်များ

၂။ လက်ရှိတွင် Telenor Star Customer များအား ရန်ကုန်မြို့၊ မန္တလေးမြို့ နှင့် နေပြည်တော်မြို့ များတွင် သတ်မှတ်ထားသည့် Samsung Showroom များနှင့် Telenor COCO Stores များတွင် ၆ လ အရစ်ကျစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။ လက်ရှိလုပ်ငန်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံသားများဘဏ်လီမိတက် ၏ Hire Purchase လုပ်ငန်းတစ်ရပ်အနေဖြင့် ထပ်တိုးဆောင်ရွက်မှု ဖြစ်ပါသည်။ Mobile Phone ကဲ့သို့ အရေးပါသည့် လူသုံးကုန်စက်ပစ္စည်းများအား မြန်မာနိုင်ငံသားများ ပိုမိုကျယ်ပြန့်စွာအသုံးပြုနိုင်ရန် ယခုကဲ့သို့ ခိုင်မာသည့်မိတ်ဖက်အဖွဲ့အစည်းများ နှင့် ပူးပေါင်း၍ ဈေးကွက်အတွင်းသို့ မိတ်ဆက်ပေးခြင်းဖြစ်ပါသည်။ ယခု ဝန်ဆောင်မှုလုပ်ငန်းမှရရှိသည့် အတွေ့အကြုံသည် MCB အနေဖြင့် အနာဂတ်ကာလ လုပ်ငန်းဆောင်ရွက်မှု နှင့် အခြားဆက်စပ်သည့် ရေရှည်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဟုမျှော်မှန်းပါသည်။ ထို့အပြင် ခေတ်မီစက်ပစ္စည်းများကို မြန်မာနိုင်ငံသားများ ပိုမိုတွင်ကျယ်စွာအသုံးပြုနိုင်ရေးနှင့် နိုင်ငံတော်တိုးတက်ရေး အတွက်ကို တစ်ဖက်တစ်လမ်း မှ အထောက်အကူ ပြုနိုင်မည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**